# အားလုံးအတွက် ကျန်းမာရေးအာမခံ ဝင်ရောက်ရရှိနိုင်မှုအား တိုးချဲ့ပေးခြင်း

(စာရွက်စာတမ်း အထောက်အထား မရှိသော ရွှေ့ပြောင်းနေထိုင်သူများအတွက်ပါ အပါအဝင်)

ဤနိုဝင်ဘာလမှ စတင်၍ Washington ပြည်နယ်၌ နေထိုင်သူ တစ်ဦးတစ်ယောက်စီတိုင်းသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ မည်သို့ပင်ဖြစ်စေကာမူ *Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေးနှင့် သွားဘက်ဆိုင်ရာ အာမခံအား ဝယ်ယူနိုင်မည့် အခွင့်အရေးကို ရရှိကြမည် ဖြစ်သည်။

ဇန်နဝါရီလ 1 ရက်၊ 2024 တွင် စတင်မည့် ကျန်းမာရေး အာမခံအတွက် ဒီဇင်ဘာ 15 ရက်အမီ စာရင်းသွင်းလိုက်ပါ။

### သော့ချက်ကျသော ဝေါဟာရများ

**ပရီမီယံကြေး** - အဖွဲ့ဝင်တစ်ဦးစီတိုင်းသည် ပရီမီယံကြေးဟု ခေါ်ဆိုသော လစဉ်အခကြေးအား ပေးဆောင်ရပေမည်။ သင် ပေးဆောင်ရမည့် ပရီမီယံ အခကြေးသည် သင်၏ ကျန်းမာရေးအာမခံ အစီအစဉ်အပေါ်၌ မူတည်ပေသည်။

**နုတ်ယူဖြတ်တောက်မှု** - သင်သည် "သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏအား ပြည့်မီ" ပြီးသည့်နောက်တွင် သင်၏ ကျန်းမာရေးအာမခံသည် သင်၏ ငွေတောင်းခံလွှာများအား စတင်၍ ကူညီပေးချေပေးမည် ဖြစ်သည်။ အစီအစဉ်များ အားလုံးသည် သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏ မပြည့်မီခင် ကြိုတင်ကာကွယ်စောင့်ရှောက်မှုများအတွက် ပေးချေပေးသည်။ Cascade Care အစီအစဉ်များသည် သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏ မပြည့်မီခင် ပိုမိုများပြားစွာသော ဝန်ဆောင်မှုများအတွက် ပေးချေပေးသည်။ ဤဝန်ဆောင်မှုများတွင် ပါဝင်သည်များမှာ -

- ကြိုတင်ကာကွယ် စောင့်ရှောက်မှု
- နာမကျန်းဖြစ်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာအား ကုသရန်အတွက် အခြေခံစောင့်ရှောက်မှု ဆရာဝန်ထံ သွားရောက်ပြသမှု
- စိတ်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ
- အထွေထွေ ဆေးညွှန်းများ
- အရေးတကြီး ကုသစောင့်ရှောက်မှု၊ ဥပမာ သင်သည် စောင့်ရှောက်မှုအား ချက်ချင်း လိုအပ်သော်လည်း နလုံးထဖောက်မှုကဲ့သို့သော အရေးပေါ်မဟုတ်သည့် အခြေအနေတစ်ခုဖြစ်လျှင်။

**အာမခံအပြင်ထပ်မံပေးချေမှု နှင့် ပူးတွဲပေးချေမှုအာမခံ** - ဤသည်တို့မှာ ဆရာဝန်ထံသို့ သင် သွားရောက်ချိန်၌ သင် ပေးချေရသော ကုန်ကျစရိတ်များ ဖြစ်သည်။ သင်၏ အာမခံအပြင်ထပ်မံပေးချေမှုသည် ပုံသေ ပမာဏ ($1-$50) ဖြစ်သည်။ သင်၏ ပူးတွဲပေးချေမှုအာမခံမှာမူ ဝန်ဆောင်မှု ကုန်ကျစရိတ်၏ ရာခိုင်နှုန်းတစ်ခု ဖြစ်သည်။ သင်၏ ကျန်းမာရေးအာမခံ အစီအစဉ်သည် သင်၏ လည်ပတ်ပြသမှုနှင့်ပတ်သက်၍ ကျန်ရှိသည်များ အားလုံးအတွက် ပေးချေပေးသည်။

## အရည်အချင်းပြည့်မီမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ၊ နှင့် လုံခြုံရေး

**မည်သူသည် အရည်အချင်းပြည့်မီသနည်း။**

သင်သည် Washington ပြည်နယ်၌ နေထိုင်လျှင် အကယ်၍ သင်သည် စာရွက်စာတမ်း အထောက်အထားမရှိသော ရွှေ့ပြောင်းနေထိုင်သူတစ်ဦး ဖြစ်နေသည့်တိုင် *Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေးအာမခံအား သင် ဝယ်ယူနိုင်မည် ဖြစ်သည်။ US နိုင်ငံသားဖြစ်မှု၊ အစိမ်းရောင်ကတ် သို့မဟုတ် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရွက်စာတမ်းများအား သင် မလိုအပ်ပေ။

**ကျန်းမာရေးအာမခံအား ရယူခြင်းသည် ကျွန်ုပ်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ သို့မဟုတ် နိုင်ငံသားဖြစ်မှု လျှောက်လွှာအပေါ် သက်ရောက်မှု ရှိပါမည်လား။**

ကျန်းမာရေးအာမခံအား ရယူခြင်းသည် သင်၊ သင့်မိသားစု သို့မဟုတ် သင်နှင့်အတူ နေထိုင်သော မည်သူမဆို၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ သို့မဟုတ် နိုင်ငံသားဖြစ်မှု လျှောက်လွှာများအပေါ် သက်ရောက်မှု မရှိပါ။

**ကျန်းမာရေးအာမခံအား ရယူခြင်းအားဖြင့် ကျွန်ုပ်အပေါ် "အများပြည်သူ အရေးယူခံရမှု" ဖြစ်စေပါမည်လား။**

ကျန်းမာရေးအာမခံအား လျှောက်ထားခြင်း သို့မဟုတ် လက်ခံရရှိခြင်း၊ နှင့် အာမခံအတွက် ပေးဆောင်ရန် ငွေကြေးကူညီထောက်ပံ့မှု ရရှိခြင်းတို့သည် တစ်စုံတစ်ဦးအား "အများပြည်သူ အရေးယူခံရမှု" ဖြစ်စေမည် မဟုတ်ပါ။ ဆိုလိုသည်မှာ ၎င်းသည် သင်၊ သင့်မိသားစု သို့မဟုတ် သင်နှင့်အတူနေထိုင်သော မည်သူမဆို၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ သို့မဟုတ် နိုင်ငံသားဖြစ်မှု လျှောက်လွှာများအပေါ် သက်ရောက်မှုရှိမည် မဟုတ်ပါ။

**ကျွန်ုပ်သည် စာရွက်စာတမ်း အထောက်အထားမရှိသူ ဖြစ်ပါသည်။ ကျွန်ုပ်၏ အချက်အလက်များ လုံခြုံမှုရှိပါမည်လား။**

သင်၏ လုံခြုံရေးသည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးပါသည်။ သင်၏ အချက်အလက်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးအတွက် အသုံးပြုမည် မဟုတ်ပါ။ ဖယ်ဒရယ် နှင့် ပြည်နယ် ဥပဒေများအရ *Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေးအာမခံ လျှောက်ထားသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်စောင့်ထိန်းမှုအပေါ် အကာအကွယ်ပေးထားပါသည်။ အာမခံအကျုံးဝင်လွှမ်းခြုံမှုအတွက် အရည်အချင်းပြည့်မီမှုအား သတ်မှတ်ဆုံးဖြတ်ဖို့အတွက်သာလျှင် လူဝင်မှုကြီးကြပ်ရေး အခြေအနေနှင့်ပတ်သက်သော အချက်အလက်များအား အသုံးပြုမည် ဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးအတွက် ၎င်းအချက်အလက်များအား အသုံးပြုမည် မဟုတ်ပေ။

# မကြာခဏအမေးများသော မေးခွန်းများ

## စာရင်းသွင်းမှု

**"စာရင်းသွင်းမှု" ဆိုသည်မှာ မည်သို့နည်း။**
*Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေးအစီအစဉ်တစ်ခုအား ရွေးချယ်ပြီးနောက် သင်၏ ကျန်းမာရေးအစီအစဉ်အတွက် ငွေပေးချေခြင်းအားဖြင့် ကျန်းမာရေးအာမခံအတွင်း သင် စာရင်းသွင်းရပေသည်။

**မည်သည့်အချိန်၌ ကျွန်ုပ် စာရင်းသွင်းနိုင်မည်နည်း။**
**"လွတ်လပ်သော စာရင်းသွင်းမှု" ဆိုသည်မှာ အဘယ်နည်း။**
မည်သူမဆိုသည် ကျန်းမာရေးအာမခံ ရရှိရန်အတွက် *Washington Healthplanfinder* ၌ နိုဝင်ဘာလ 1 ရက်နေ့ မှ ဇန်နဝါရီလ 15 ရက အကြားတွင် စာရင်းပေးသွင်းနိုင်ပါသည်။ ဤကာလအား လွတ်လပ်စွာ စာရင်းသွင်းမှုကာလဟု ခေါ်ဆိုသည်။ လွတ်လပ်သော စာရင်းသွင်းမှုအား နှစ်စဉ် စီစဉ်ပေးထားသည်။

**အကယ်၍ လွတ်လပ်စွာ စာရင်းသွင်းမှုကာလအား ကျွန်ုပ် လွတ်သွားခဲ့လျှင် မည်သို့ဖြစ်မည်နည်း။**
**"အထူး စာရင်းသွင်းမှု" ဆိုသည်မှာ မည်သို့နည်း။**
အချို့သောသူများသည် အခြားသော အချိန်များ၌လည်း စာရင်းပေးသွင်းနိုင်ပါသည်။ ဤသည်အား အထူး စာရင်းသွင်းမှုဟု ခေါ်ဆိုပေသည်။ အကယ်၍ သင့် ဘဝ အပြောင်းအလဲဖြစ်စေသော အခြေအနေများ (အလုပ်ဆုံးရှုံးခြင်း၊ အိမ်ထောင်ရေး အခြေအနေ ပြောင်းလဲသွားခြင်း၊ ကလေးမီးဖွားမှု၊ အစရှိသဖြင့်) ရှိခဲ့လျှင် သို့မဟုတ် သင်သည် ဝင်ငွေနည်းပါးသူတစ်ဦးဖြစ်လျှင် သင့်အနေနှင့် လွတ်လပ်စွာ စာရင်းသွင်းမှုကာလအပြင် အခြားအချိန်၌ စာရင်းသွင်းကောင်း စာရင်းသွင်းနိုင်မည် ဖြစ်သည်။

**စာရင်းသွင်းရန်အတွက် မည်သည်တို့အား ကျွန်ုပ် လိုအပ်မည်နည်း။**
*Washington Healthplanfinder* အနေနှင့် သင်၏ အရည်အချင်းပြည့်မီမှုအား ဆုံးဖြတ်ရန်အတွက်ဌာ သင် နှင့် သင့်မိသားစုတို့၏ အချက်အလက်များကို တောင်းဆိုမည် ဖြစ်သည်။

**၎င်းသည် မည်မျှကြာမြင့်မည်နည်း။**
လျှောက်လွှာသည် 1 နာရီခန့် ကြာမြင့်နိုင်ပါသည်။

**စာရင်းသွင်းမှုနှင့်ပတ်သက်၍ အကူအညီရယူရန် ကျွန်ုပ် မည်သည့်နေရာ၌ ရှာဖွေရမည်နည်း။အခြားသော ဘာသာစကားများဖြင့် အကူအညီပေးခြင်းများ ရှိပါသလား။**
စာရင်းသွင်းမှုဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများ အားလုံးသည် အခမဲ့* ဖြစ်သည်။ ဤသည်တို့မှာ အကူအညီရယူရန် နည်းလမ်း သုံးနည်း ဖြစ်သည် -

**ခေါ်ဆိုပါ**
1-855-923-4633
TTY/TDD: 1-855-627-9604
အကူအညီအား ဘာသာစကား အမျိုးပေါင်း 200 ကျော်ဖြင့် ရရှိနိုင်ပါသည်။

**ချိတ်ဆက်ပါ**
ကျန်းမားဆိုင်ရာ လမ်းညွှန်သူ၊ ပွဲစား သို့မဟုတ် သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုနှင့်အတူ ရက်ချိန်းတစ်ခု ချိန်းဆိုပြုလုပ်လိုက်ပါ။

**သွားရောက်ကြည့်ရှုပါ**
wahealthplanfinder.org
သို့မှမဟုတ် သင်၏ ကင်မရာအား အသုံးပြု၍ QR ကုဒ်အား စကန်ဖတ်လိုက်ပါ

သင့်ဇရိယာအတွင်းရှိသည့် အစီအစဉ်များအား ကြည့်ရှုလေ့လာရန်အတွက် wahealthplanfinder.org သို့ ဝင်ရောက်ကြည့်ရှုပါ။ "Browse and Compare Plans (ရှာဖွေကြည့်ရှု၍ အစီအစဉ်များအား နှိုင်းယှဉ်ရန်)" ကိရိယာအား အသုံးပြုပါ။

*အကယ်၍ တစ်စုံတစ်ဦးသည် သင့်အား အကူအညီပေးဖို့အတွက် အသိအမှတ်ပြုခံထားရခြင်း ရှိမရှိ သင် မသိရှိလျှင် သို့မဟုတ် ၎င်းတို့သည် ၎င်းတို့၏ ဝန်ဆောင်မှုအတွက် အခကြေးပေးရန် တောင်းဆိုလာခဲ့လျှင် *Washington Healthplanfinder* ၏ သုံးစွဲသူ ပံ့ပိုးထောက်ပံ့မှု စင်တာထံ 1-855-WAFINDER သို့ ခေါ်ဆိုပါ။



# မကြာခဏအမေးများသော မေးခွန်းများ

## ကျန်းမာရေးအာမခံ၏ ကုန်ကျစရိတ်

### ကျန်းမာရေးအာမခံသည် မည်မျှ ကျသင့်မည်နည်း။

ကျန်းမာရေးအာမခံ ဝယ်ယူမှု ကုန်ကျစရိတ်သည် သင်၏ ဝင်ငွေ၊ မိသားစု အရွယ်အစား၊ နှင့် သင် နေထိုင်ရာနေရာ အစရှိသည်တို့အပေါ်တွင် မူတည်ပေသည်။အစီအစဉ်များအား wahealthplanfinder.org ပေါ်၌ ရှာဖွေ၍ နှိုင်းယှဉ်ကြည့်ပါ၊ သို့မဟုတ် အစီအစဉ်တစ်ခုသည် သင့်အတွက် မည်မျှ ကျသင့်မည်ဖြစ်ကြောင်း လေ့လာရန်ဂှာ သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုနှင့်အတူ လက်တွဲလုပ်ဆောင်ပါ။

### ဤစကားလုံးများသည် မည်သည်တို့အား ဆိုလိုသနည်း - ပရီမီယံကြေး၊ နုတ်ယူဖြတ်တောက်မှု၊ ပူးတွဲပေးချေမှုအာမခံ နှင့် အာမခံအပြင်ထပ်မံပေးချေမှု။

> **ပရီမီယံကြေး** - အဖွဲ့ဝင်တစ်ဦးစီတိုင်းသည် ပရီမီယံကြေးဟု ခေါ်ဆိုသော လစဉ်အခကြေးအား ပေးဆောင်ရပေမည်။ သင် ပေးဆောင်ရမည့် ပရီမီယံ အခကြေးသည် သင်၏ ကျန်းမာရေးအာခမံ အစီအစဉ်အပေါ်၌ မူတည်ပေသည်။
>
> **နုတ်ယူဖြတ်တောက်မှု** - သင်သည် "သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏအား ပြည့်မီ" ပြီးသည့်နောက်တွင် သင်၏ ကျန်းမာရေးအာမခံသည် သင်၏ ငွေတောင်းခံလွှာများအား စတင်၍ ကူညီပေးချေပေးမည် ဖြစ်သည်။ အစီအစဉ်များ အားလုံးသည် သင်၏ နုတ်ယူဖြတ်တောက်မှုပမာဏ မပြည့်မီခင်၌မှ ကျန်းမာရေး စစ်ဆေးမှုများကဲ့သို့သော အချို့အရာများအတွက် ပေးချေပေးပေသည်။
>
> **အာမခံအပြင်ထပ်မံပေးချေမှု နှင့် ပူးတွဲပေးချေမှုအာမခံ** - ဤသည်တို့မှာ ဆရာဝန်ထံသို့ သင် သွားရောက်ချိန်၌ သင် ပေးချေရသော ကုန်ကျစရိတ်များ ဖြစ်သည်။ သင်၏ အာမခံအပြင်ထပ်မံပေးချေရမှုသည် ပုံသေ ပမာဏ ($1-$50) ဖြစ်သည်။ သင်၏ ပူးတွဲပေးချေမှုအာမခံမှာမူ ဝန်ဆောင်မှု ကုန်ကျစရိတ်၏ ရာခိုင်နှုန်းတစ်ခု ဖြစ်သည်။ သင်၏ ကျန်းမာရေးအာမခံ အစီအစဉ်သည် သင်၏ လည်ပတ်ပြသမှုနှင့်ပတ်သက်၍ ကျန်ရှိသည်များ အားလုံးအတွက် ပေးချေပေးသည်။

### "ကိုယ်ပိုင်ငွေဖြင့်စိုက်ထုတ်ခြင်း" ကုန်ကျစရိတ်များဆိုသည်မှာ မည်သို့နည်း။

ကိုယ်ပိုင်ငွေစိုက်ထုတ်ခြင်း ကုန်ကျစရိတ်များ (နုတ်ယူဖြတ်တောက်မှုများ၊ အာမခံအပြင်ထပ်မံပေးချေမှုများ၊ နှင့် ပူးတွဲပေးချေမှုအာမခံ) ဆိုသည်မှာ ဆရာဝန်ထံသို့ သင် သွားရောက်ချိန်၌ သင် ပေးချေရသော ပမာဏကို ရည်ညွှန်းခြင်း ဖြစ်သည်။

## အစီအစဉ်တစ်ခုအား ရွေးချယ်ခြင်း

### မည်သည့် ကျန်းမာရေးအာမခံ အစီအစဉ်များအား ရရှိနိုင်သနည်း။

*Washington Healthplanfinder* မှတစ်ဆင့် ရရှိနိုင်သော ကျန်းမာရေးအာမခံ အစီအစဉ် အဆင့် သုံးဆင့် ရှိပေသည် - ကြေးအဆင့်၊ ငွေအဆင့် နှင့် ရွှေအဆင့်။သင်၏ ကျန်းမာရေးအာမခံ ကုမ္ပဏီမှ ပေးချေပေးသော ပမာဏသည် သင် ရွေးချယ်လိုက်သော အဆင့်အပေါ် မူတည်ပေသည်။ ပျမ်းမျှအားဖြင့် ကြေးအဆင့် အစီအစဉ်သည် သင့် ဆေးဘက်ဆိုင်ရာ ငွေတောင်းခံလွှာများ၏ 60% ခန့်၊ ငွေအဆင့် အစီအစဉ်သည် 70% ခန့် နှင့် ရွှေအဆင့် အီအစဉ်သည် 80% ခန့်အား ပေးချေပေးသည်။

> **ကြေးအဆင့်** - ဤအစီအစဉ်များသည် လစဉ် ပေးချေရမှုစရိတ် ပိုမိုလျော့နည်းသော်လည်း သင် ကုသစောင့်ရှောက်မှုအား လိုအပ်ချိန်၌ ကုန်ကျစရိတ်အား ပိုမိုလျော့နည်းစွာ ပေးချေပေးသည်။
>
> **ငွေအဆင့်** - ဤအစီအစဉ်များသည် သင် ကုသစောင့်ရှောက်မှုအား လိုအပ်ချိန်၌ သင့် ကုန်ကျစရိတ်များအား ပိုမိုများပြားစွာ လွှမ်းခြုံပေးချေပေးသော်လည်း ၎င်း၏ စရိတ်မှာလည်း ပိုမိုကျသင့်ကောင်း ကျသင့်နိုင်ပေသည်။ အကယ်၍ သင်သည် Cascade Care Savings အတွက် အရည်အချင်းပြည့်မီလျှင် ဤအစီအစဉ်များသည် ကြေးအဆင့် အစီအစဉ်များထက် ပိုမို၍ ကုန်ကျစရိတ် လျော့နည်းကောင်း လျော့နည်းနိုင်ပေသည်။
>
> **ရွှေအဆင့်** - ဤအစီအစဉ်များသည် လစဉ် ပေးချေရမှု ပိုမိုကျသင့်မည်ဖြစ်သော်လည်း သင် ကုသစောင့်ရှောက်မှု လိုအပ်ချိန်၌ ကုန်ကျစရိတ် ပိုမိုများပြားစွာ ပေးချေပေးသည်။ အကယ်၍ သင်သည် Cascade Care Savings အတွက် အရည်အချင်း ပြည့်မီပြီး၊ သိသိသာသာသော ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များ ရှိနေပါလျှင် ဤအစီအစဉ်များသည် ပိုမိုသင့်တော်ကောင်း သင့်တော်ပေမည်။

### အကယ်၍ ငွေအဆင့် သို့မဟုတ် ရွှေအဆင့်အား ကျွန်ုပ် ရွေးချယ်ခဲ့လျှင် ပိုမိုကောင်းမွန်သော ဆရာဝန်များအား ကျွန်ုပ် ရရှိပါမည်လား။

မရရှိပါ။ ကုသစောင့်ရှောက်မှု အရည်အချင်းပြည့်မီမှုသည် အစီအစဉ်များ အားလုံးအတွက် တန်းတူညီပင် ဖြစ်သည်။

Cascade Care လိုဂိုတံဆိပ်အား ကြည့်ရှုပါ။ Cascade Care အစီအစဉ်များသည် ပိုမို တန်ဖိုးကြီးမြင့်သည်များအား ပိုမိုသက်သာသော ကုန်ကျစရိတ်ဖြင့် ကမ်းလှမ်းထောက်ပံ့ပေးထားသည်။ ဆိုလိုသည်မှာ သင်၏ ပရီမီယံကြေး ပေးချေမှုသည် သင့်အား ယခင်ကထက် ပိုမိုစွာ ရရှိစေမည် ဖြစ်သည်။

washington healthplanfinder
click. compare. covered.

CASCADE CARE